TCDN Thwee Community Development Network

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

KESAN

## "လှပသော စကားလုံးများနှင့် အကျည်းတန်ရုပ်ဆိုးသော လုပ်ရပ်များ" အာရှအဝေးပြေးလမ်းမကြီး၊ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံ

### အစီရင်ခံစာ အကျဉ်းချုပ်
၂၆၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်

THWEE လူထုဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်၊ ကရင်သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာလုပ်ရှားမှု ကွန်ရက် (KSEAN) နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) တို့၏ ပူးတွဲအစီရင်ခံစာ

မဲဆောက်နှင့် မြဝတီနယ်စပ်မြို့များတွင်သာမက ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ အခြားကျန်ရှိသော ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုအား လွယ်ကူချောမောစေရန်အတွက် သဃ်န်းညီနောင်နှင့် ကော့ကရိတ်မြို့အကြား တွင် အာရှအဝေးပြေးလမ်းမအပိုင်းတစ်ပိုင်းဖြစ်သော အဝေးပြေးလမ်းသစ်တစ်ခုကို ဩဂုတ် ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ မကြာမီအချိန်ကာလအတွင်းတွင်လည်း ခရီးသွားကြာချိန်ပိုမိုတိုတောင်းစေမည့် အာရှအဝေးပြေးလမ်းမ၏ အခြားအပိုင်းတစ်ပိုင်းအား ကော့ကရိတ်နှင့် အိန္ဒူအကြားတွင် တည်ဆောက်သွားမည် ဖြစ်သည်။ ယခုအာရှအဝေးပြေးလမ်းမစီမံကိန်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ ကရင်ပြည်နယ်အတွင်း ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပွားရာဒေသအတွင်း၌တည်ရှိပြီး စီမံကိန်း၏ဆောက်လုပ်ရေး လုပ်ငန်းများတွင်လည်း အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင်ခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (NEDA) တို့သည် မဟာမဲခေါင်ဒေသခွဲ၏အထင်ကရစီမံကိန်းတစ်ခုဖြစ်သည့် အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းနှင့် အမှတ် (၁) အာရှအဝေးပြေးလမ်းမ (AH1) နှစ်ခုလုံး၏ ကွာဟနေသော အချိတ်အဆက်အား ပြည့်စုံမှုရှိစေရန် အဝေးပြေးလမ်းမဆောက်လုပ်ရေးအား ဘဏ္ဍာရေးထောက်ပံ့ပေးလျက်ရှိသည်။ ကရင်ပြည်နယ်တွင်း သဃ်န်းညီနောင် မှ ကော့ကရိတ် သို့ဆက်သွယ်ထားသော အာရှအဝေးပြေးလမ်းမ၏ပထမအပိုင်းကို NEDA မှ ငွေကြေးပံ့ပိုးပေးခဲ့ပြီး ကော့ကရိတ်နှင့် အိန္ဒူအကြားရှိ ကျန်ဒုတိယအပိုင်းဆောက်လုပ်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ငွေကြေးပံ့ပိုးမည် ဖြစ်သည်။

အဝေးပြေးလမ်းမအပေါ် သူသူငါငါထိန်းချုပ်ပိုင်ခွင့်အတွက် အားပြိုင်မှုများကြောင့် ဤလမ်းစီမံကိန်းသည် သက်ဆိုင်ရာလက်နက်ကိုင်များအကြား လက်နက်ကိုင်ပဋိပက္ခများအားဖြစ်ပေါ်စေအောင် ဖန်တီးပေးခဲ့သည်။ ထိုသို့ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် လမ်းတစ်လျောက်နေထိုင်သည့် ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရခဲ့သလို နေရပ်ရွှေ့ပြောင်းဖယ်ရှားခံရမှုများလည်း ဖြစ်ပွားခဲ့ကာ အချို့သောရွာသားများမှာ တိုက်ပွဲအကြား မတော်တဆအသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာတပ်မတော်နှင့် ၎င်း၏နယ်ခြားစောင့်တပ်များမှ ယခင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကာလရှည်ကြာစွာ ထိန်း ချုပ်ထားခဲ့သော အဝေးပြေးလမ်းမလမ်းကြောင်းတစ်လျောက်နယ်နိမိတ်များအားထိန်းချုပ်ရယူရန် အားထုတ် ခဲ့သည်။ ရလဒ်အနေဖြင့် မြန်မာတပ်မတော်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) အကြား တိုက် ခိုက်မှုများ

ဖြစ်ပွားခဲ့ကာ ဒေသခံပြည်သူ ၁၀၀၀ ကျော် နေရပ်စွန့်ခွာရွှေ့တိမ်းရှောင်ခဲ့ရသည်။ အသက်အိုးအိမ်လုံခြုံရေးဆိုင်ရာစိုးရိမ်မကင်းမှုများကြောင့် ပြည်သူအချို့မှာ နေရပ်သို့ ပြန်လည်နေထိုင်နိုင်ခြင်း မရှိသေးပေ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ၊ မေ နှင့် ဩဂုတ်လတို့အတွင်း ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ထိုနေရာများရှိရွာသားများမှာ ရှေ့ဆက်တိုက်ပွဲဖြစ်လာနိုင်မည့်အရေးကိုစိုးရိမ်လျက် ကြောက်ရွံ့များနှင့် နေထိုင်နေကြရသည်။

NEDA ၏ ငွေကြေးထောက်ပံ့မှုဖြင့် သင်္ကန်းညီနောင်နှင့်ကော့ကရိတ်အကြားဖောက်လုပ်ထားသည့် အာရှအဝေးပြေးလမ်းမသည် ဒေသခံလူမှုအသိုင်းအဝိုင်း၏ FPIC ခေါ် အချိန်မီကြိုတင်သတင်း အချက်အလက်ရရှိကာ လွတ်လပ်စွာသဘောထားပေးပိုင်ခွင့်ကို သိသိသာသာချိုးဖောက်ခဲ့သည်။ ထိခိုက်မှုခံစားခဲ့ရသော ရွာသားများမှာ စီမံကိန်းအကြောင်းနှင့်ပတ်သက်ပြီး သင့်တင့်လျောက်ပတ်စွာ ကြိုတင်အသိပေးမှု သို့မဟုတ် ဆွေးနွေးတိုင်ပင်မှုများမရှိခဲ့ပဲ ဆောက်လုပ်ရေးလုပ်ငန်းများစတင်ချိန်မှသာ စီမံကိန်းအကြောင်းအား သိရှိခဲ့သည်။ အနည်းဆုံး အိမ်ထောင်စု (၁၇) စုသည် ကရင်ပြည်နယ်အစိုးရက ထုတ်ပြန်သောအမိန့်ကြောင့် ထိုက်တန်သည့်လျော်ကြေးများမရရှိပဲ ၎င်းတို့၏မြေယာများနှင့်ပိုင်ဆိုင်မှုများကို မိမိဆန္ဒမပါဘဲ အတင်းအဓမ္မစွန့်လွှတ်ခဲ့ရသည်။ ရွာသားများသည် ၎င်းတို့၏ဆုံးရှုံးမှုများအတွက် မျှတမှုမရှိသောလျော်ကြေးအားလက်ခံရန် ဖိအားပေးအကျပ်ကိုင်ခံခဲ့ရသည်။ စီမံကိန်းအတွက် ကနဦးသဘာဝပတ်ဝန်းကျင်ဆိုင်ရာစူးစမ်းလေ့လာမှု(IEE)နှင့် ပတ်သက်၍သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု ဆန်းစစ်အကဲဖြတ်ချက် (EIA) နှင့်ပတ်သက်၍သော်လည်းကောင်း၊ လုပ်ဆောင်ထားသည်ဟူသော သက်သေအချက်အလက်များကို လူသိရှင်ကြားထုတ်ဖော်ချပြထားခြင်းမရှိ။

ကော့ကရိတ် - အိန္ဒိယအကြားအဝေးပြေးလမ်းမကို တိုးချဲ့အဆင့်မြှင့်သွားမည့်စီမံကိန်းတွင် အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) နှင့်မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အလားတူအမှားများကိုထပ်မံကျူးလွန်မည့် အခြေအနေတွင်ရှိသည်။ လတ်တလောလမ်းနယ်နိမိတ်တိုးချဲ့တိုင်းတာခဲ့မှုများကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ပြန်လည်နေရာချထားရေးအစီအစဉ်အတွင်း လျော်ကြေးရထိုက်သူစာရင်းတွင်မပါဝင်သည့် ဒေသခံပြည်သူဦးရေမည်မျှ မြေယာဆုံးရှုံးမည်ကို ရှင်းလင်းစွာမသိရသေးပေ။ ရွာသားများအား ရှင်းလင်းသောသတင်းအချက်အလက်များ ချပြပေးခြင်းမရှိသောကြောင့် ရွာသူရွာသားများသည် မည်သို့မည်ပုံလျော်ကြေးရရှိမည် သို့မဟုတ် လျော်ကြေးပြန်ရမည် မရမည်ကိုလည်း မသိရှိကြပါ။ သဃ်္ကန်းညီနောင်နှင့်ကော့ကရိတ်ကြားရှိ အာရှအဝေးပြေးလမ်းမအပိုင်းကိုဆောက်လုပ်စဉ်တွင် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများရှိခဲ့သော်လည်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ပြန်လည်နေရာချထားရေးနှင့် လျော်ကြေးငွေပေးအပ်ခြင်း လုပ်ငန်းစဉ်ကဲ့သို့သော အလွန်အရေးကြီးပြီးအမှားခံ၍မရသည့်လုပ်ငန်းများကို မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန လက်ထဲသို့ ယုံယုံကြည်ကြည်အပ်နှံထားသည်။

ဆောက်လုပ်ပြီးစီးခဲ့သော အာရှအဝေးပြေးလမ်းမ၏ပထမအပိုင်းနှင့် ဆောက်လုပ်မည့်ဒုတိယအပိုင်းနှစ်ခုစလုံးနှင့်ပတ်သက်၍ ထိခိုက်မှုခံစားရမည့်/ခံစားရသည့် ပြည်သူများအားလုံးအား စီမံကိန်းမှဖြစ်ပေါ်မည့် ထိခိုက်မှုများကို ၎င်းတို့လွယ်ကူစွာရယူနိုင်သောနည်းဖြင့် အသိပေးချပြရမည်။ လူထုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်အားလုံးကို လူထုသို့မဟုတ် လူမှုအဖွဲ့အစည်းများမသိအောင် ထိမ်ချန်ခြင်းလုံးဝမလုပ်သင့်ပါ။ ၎င်းတို့၏စိုးရိမ်မှုများအား တာဝန်ရှိသူများမှ ကြားသိနားထောင်စေရန်အတွက် ဒေသခံများအား အခွင့်အရေးပေးရမည်ဖြစ်ပြီး လေးနက်သောအမှန်တကယ်ပြန်လည်ဖြေရှင်းမှုများ ဆောင်ရွက်ရမည်၊ စီမံကိန်းအစောပိုင်း ကာလပြင်ဆင်မှုကဏ္ဍများတွင် ၎င်းတို့အား ပါဝင်စေသင့်သည်။

ကျွန်ုပ်တို့အနေဖြင့် သဃ်န်းညီနောင်နှင့် ကော့ကရိတ်အကြားရှိ အာရှအဝေးပြေးလမ်းမအပိုင်းနှင့်ပတ်သက်၍ လွတ်လပ်သော သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ်ထိခိုက်မှုဆိုင်ရာ ပြန်လည်သုံးသပ်မှုအား လုပ်ဆောင်ရန် တောင်းဆိုသည်။ ထိုကဲ့သို့ ပြန်လည်သုံးသပ်မှုသည် စီမံကိန်းကြောင့် လူထုအသက်မွေးဝမ်းကျောင်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ထိခိုက်မှုအတိုင်းအတာအား ချင့်ချိန်ဆုံးဖြတ်နိုင်ရန်၊ နေရပ်ပျောက်ဆုံးဖယ်ရှားခံရသူများနှင့် မြေယာလက်လွတ်ဆုံးရှုံးခဲ့ရသူများအတွက် သင့်လျော်သောပြန်လည် ပြုစုပျိုးထောင်ခြင်းနှင့်လျော်ကြေးပေးခြင်းများလုပ်ဆောင်နိုင်ရန်၊ ထို့ပြင် မြေဆီလွှာ၊ ရေ၊ နှင့် သစ်တောပျက်စီးခြင်းများအားထိရောက်စွာ ပြန်လည်ကုစားနိုင်ရန်အတွက် လိုအပ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကော့ကရိတ်နှင့်အိန္ဒုအကြားရှိ အာရှအဝေး ပြေးလမ်းမအပိုင်းအား အကောင်အထည်ဖေါ်ရာတွင် အလားတူအမှားများမျိုး မဖြစ်ရလေအောင် ရှောင်ရှားနိုင်ရန် အချို့သောအဆင့်များ လုပ်ဆောင်ရန် လိုအပ်သည်။

ပထမဦးဆုံးနှင့်အရေးကြီးဆုံးအချက်မှာ အဝေးပြေးလမ်းမလမ်းကြောင်းတစ်လျောက်ရှိ မြေယာများနှင့်ပတ်သက်ပြီး မြေယာဆိုင်ရာအခွင့်အရေးများကို ပွင့်လင်းမြင်သာသော၊ ဘက်မလိုက်သော၊ အားလုံးပါဝင်သော လုပ်ငန်းစဉ်များဖြင့် တိကျရှင်းလင်းစွာ သတ်မှတ်ပေးရန် လိုအပ်သည်။ နေရပ်ရွှေ့ပြောင်းဖယ်ရှားခြင်းများအား ရှောင်လွှဲ၍မရနိုင်လျှင် ဖယ်ရှားခံရမည့်ပြည်သူများဖက်မှ ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် ဖိအားပေးအတင်းအကျပ်လုပ်ဆောင်စေခိုင်းခံရခြင်းမရှိပဲ ၎င်းတို့ကိုယ်တိုင် သဘောတူနိုင်သည့် လုံလောက်သော ပြန်လည်နေရာချထားရေးဆိုင်ရာရွေးချယ်ပိုင်ခွင့်များကို ရရှိရမည်။ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်ချိန်တွင် အမှားကျူးလွန်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရအာဏာရှိသူများမှ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိမှုကို ကာကွယ်နိုင်ရန် ယုံကြည်စိတ်ချရသော၊ ရယူကျင့်သုံးရန်လွယ်ကူသော၊ ပွင့်လင်းမြင်သာမှုရှိသော တရားမျှတသည့် မကျေနပ်ချက်တိုင်ကြားဖြေရှင်းရေးယန္တရားများဖွဲ့စည်းချထားပေးရန် လိုအပ်သည်။ ကရင်လူထုနှင့် အခြားလူမှုအသိုင်းအဝန်းများ၏ လူ့အခွင့်အရေးများ နောက်ထပ်ချိုးဖောက်ခံရခြင်းမှကာကွယ်နိုင်ရန် ထိုကဲ့သို့တင်းကျပ်သော လုပ်ငန်းဘောင်များကို တာဝန်ယူလုပ်ဆောင်ရမည် ဖြစ်သည်။

ကော့ကရိတ်နှင့်အိန္ဒုအကြား အာရှအဝေးပြေးလမ်းမအပိုင်းအတွက် ငွေကြေးပံ့ပိုးပေးသော နိုင်ငံတကာဘဏ္ဍာရေးထောက်ပံ့ပေးသူ တစ်ဦး/တစ်ဖွဲ့အနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်သည် ၎င်းချမှတ်ထားသော နေရပ်ပြောင်းရွှေ့ခြင်းနှင့်ပြန်လည်နေရာချထားရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုလမ်းညွှန်ချက်နှင့် မူဝါဒများကို မြန်မာအစိုးရက အမှန်တကယ် လေးလေးနက်နက်လိုက်နာအောင် အာရှဖွံ့ဖြိုးရေးဘဏ်သည် ဆောင်ရွက်ပေးရန် တာဝန်ရှိသလို အကယ်၍ ၎င်းထံမှငွေချေးယူသူက လိုက်နာရန်ပျက်ကွက်ပါက ထိုက်သင့်သော အရေးယူဆောင်ရွက်မှုများ မဖြစ်မနေလုပ်ဆောင်ရမည်။

ငြိမ်းချမ်းရေးသဘောတူညီချက်များကို ပြည့်ပြည့်ဝဝမရရှိခင်အချိန်တွင် စီမံကိန်းကိုအကောင်အထည် ဖေါ်ခြင်းကြောင့် အာရှအဝေးပြေးလမ်းမအပေါ်ထိန်းချုပ်ပိုင်ခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ လက်နက်ကိုင်အစုအဖွဲ့များအကြားတင်းမာမှုများကို မြင့်မားလာစေမည်သာဖြစ်သည်။ ဗဟိုအစိုးရနှင့် တိုင်းရင်းသားအဖွဲ့များအကြားရရှိသော နိုင်ငံရေးသဘောတူညီမှုများမှတစ်ဆင့် ရှင်းလင်းသောအကျိုးမြတ် မျှဝေခံစားခွင့်ဆိုင်ရာသဘောတူညီချက်များ မရှိသရွေ့ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကို ရှေ့ဆက်လုပ်ဆောင်ခြင်းမပြုသင့်ပေ။ ဤကဲ့သို့ ရှင်းလင်းလုပ်ဆောင်မှုများမရှိပါက လက်နက်ကိုင်ပဋိပက္ခဖြစ်နိုင်ချေများ ဆက်လက်တည်ရှိနေလိမ့်မည်ဖြစ်ပြီး မြန်မာနိုင်ငံပြည်သူလူထုများ၏ဘဝတိုးတက်ကောင်းစားရန်ဟုဆိုကာ ရည်ရွယ်သောစီးပွားရေးဖွံ့ဖြိုးမှုသည် လူထုဘဝကို မတိုးတက်ကောင်းစားစေဘဲ စီမံကိန်းနယ်မြေတွင် နေထိုင်သောဒေသခံလူမှုအသိုင်းအဝန်းများအတွက် နောက်ထပ်ဒုက္ခဆင်းရဲများကိုသာ ယူဆောင်လာပေးမည်ဖြစ်သည်။